**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: nddrd07@csloxinfo.com; nddrd07@gmail.com

# Weekly Political Events Regarding the SPDC's Post Election (046/2010)

# နအဖရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၄၆/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ (၀၅) ရက်နေ့မှ ဒီဇင်ဘာလ (၁၁) ရက်နေ့အထိ

## နအဖ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

### (က) အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်

- သက်ဆိုင်ရာ ရဲစခန်းများတွင် တိုင်ကြားထားသည့် မဲမသမာမှုများအား ရဲစခန်းက ကိုင်တွယ်စစ်ဆေးပြီးသော်လည်း တရားရုံးသို့ တရားစွဲတင်ခြင်း မပြုသေးဘဲ အချိန်ဆွဲနေကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ဥက္ကဌ ဦးအေးလွင်ကပြောသည်။ **(Irrawaddy 111210)** Read More...
- မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးအဆင့်ရှိသူ အရာရှိ ၅၀၀ ကျော်ခန့်ကို ဒီဇင်ဘာလ ၈ ရက်နေ့မှစတင်ကာ နေရာ ပြောင်းရွှေ့လျှက်ရှိပြီး အဆိုပါပြောင်းရွှေ့မှုသည် အဆင့်မြင့် ရာထူးတိုးမြှင့်ခြင်းမဟုတ်ပဲ နေရာပြောင်းရွှေ့မှု သက်သက်သာဖြစ်သည်ဟု မူဆယ်ရဲသတင်းရပ်ကွက်က အတည်ပြုပြောကြားလိုက်သည်။ **(S.H.A.N 111210)** Read More...

### (ခ) ရွေးကောက်ပွဲကော်မရှင်

- ဆန္ဒမဲပေးပိုင်ခွင့်ဦးရေ တူညီသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အတွက် လူဦးရေ ၂၉ သန်းကျော် (၂၉ ၀၂၁ ၆၀၈ ဦး) က မဲပေးရာတွင် ပြည်သူ့လွှတ်တော်ကို ၂၂ သန်းကျော် (၂၂ ၄၂၀ ၁၂၃) ဦး နှင့် အမျိုးသားလွှတ်တော်ကို ၂၂ သန်းကျော် (၂၂ ၂၈၃ ၄၆၅) ဦး နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၈ သန်းကျော် (၂၈ ၅၃၄ ၂၁၆) တွင် မဲပေးသူဦးရေ ၂၁ သန်းကျော် (၂၁ ၈၆၃ ၁၂၃) ဦး တို့ဖြင့် မဲပေးမှုရာခိုင်နှုန်းမှာ စုစုပေါင်း ၇၆ ဒသမ ၆၂ ရာခိုင်နှုန်းရှိကြောင်း ဒီဇင်ဘာလ ၇ ရက်နေ့က ရွေးကောက် ပွဲကော်မရှင်မှ ထုတ်ပြန်လိုက်သည်။ **(EMG 081210)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## (ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ ဒီဇင်ဘာလ ၅ ရက်ထုတ် စစ်အစိုးရသတင်းစာများတွင် လွှတ်တော်နေရာ ၁၁၅၄ နေရာအနက် ၈၈၂ နေရာအထိ အနိုင်ရအောင်မဲပေးခဲ့သည့် ပြည်သူလူထုကို ကျေးဇူးတင်သည့် အကြောင်းဖော်ပြချက်သည် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်မညီသည့်အတွက် တရားဝင်သည့် ကြေညာချက်မဟုတ်ဟု ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ဥက္ကဌ ဦးအေးလွင်ကပြောသည်။ **(BBC 051210)** Read More...
- ရခိုင်ပြည်နယ်အတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ မဲဆွယ်စည်းရုံးစဉ်ကာလ ပြောဆိုစည်းရုံးခဲ့သည့် အစ္စလာမ်ဘာသာဝင်များအနေဖြင့် လွတ်လပ်စွာ ခရီးသွားလာခွင့်ပေးမည်ဆိုသော်လည်းခွင့်ပြုခြင်းမရှိ၊ ကတိမတည်သဖြင့် သံတွဲမြို့ခံများက မကျေမနပ်ဖြစ်နေသည်ဟု အစ္စလာမ်ဘာသာဝင်တစ်ဦးက ပြောသည်။ **(RFA 051210)** Read More...
- ဒီဇင်ဘာလ ၅ ရက်နေ့ထုတ် စစ်အစိုးရသတင်းစာများတွင် ဖော်ပြထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ ပြည်သူသို့ ကျေးဇူးတင်လွှာသည် ရွေးကောက်ပွဲရလဒ်မတရားမှုကို ဖုံးကွယ်ရန် ကြိုးပမ်းမှုသာဖြစ်သည်ဟု ရွေးကောက်ပွဲဝင်ခဲ့သော ပါတီခေါင်းဆောင်များက ပြောသည်။ **(Irrawaddy 06122010)** Read More...
- မွန္တလေးတိုင်း ချမ်းအေးသာဇံမြို့နယ် မဲဆန္ဒနယ်တွင် အနိုင်ရရှိခဲ့သည့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်မာကို ရှုံးနိမ့်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ် ဦးမြဝင်းက မဲတစ်မဲကို ၁၅၀၀ ကျပ်ဖြင့် မဲဝယ်ခဲ့သည့်စွပ်စွဲချက်နှင့် ရွေးကောက်ပွဲကော်မရှင်ထံသို့ တိုင်ကြားလိုက်သည်။ **(BBC 111210)** Read More...

## အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံသော်လည်း လွှတ်တော်ထဲတွင် ပြင်ဆင်မည်ဆိုသည့် အမတ်များအနေဖြင့် ဥပဒေအကြောင်းအရ တည်ဆဲဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို စောင့်ရှောက်ရမည်ဆိုသည့် စကားရပ်သည် လွှန်စွာကျယ်ပြန့်နေပြီး အလားအလာမရှိဟု ရှေ့နေကြီး ဦးကြည်ဝင်းက ပြောသည်။ **(VOA 061210)** Read More...
- ပြည်တွင်းတွင် လျှို့ဝှက်လှုပ်ရှားနေသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု၊ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့၊ ဗကသများအဖွဲ့ချုပ်အပါအဝင် စုစုပေါင်းအဖွဲ့ ၁၀ ဖွဲ့က စစ်အစိုးရ ကျင်းပသည့် ရွေးကောက်ပွဲသည် စစ်ဝတ်စုံနှင့်အုပ်ချုပ်သည့်အစိုးရမှ အရပ်ဝတ်ပုံစံကို အသွင်ပြောင်းအုပ်ချုပ်သွားရန် လုပ်ဆောင်မှုဖြစ်သည်ဆိုသည့် သုံးသပ်ချက်အစီရင်ခံစာတစောင်ကို ဒီဇင်ဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ **(RFA 071210)** Read More...
- ဒေါ်အောင်ဆန်းစုကြည်က တသီးပုဂ္ဂလကိုယ်စားလှယ် ၃ ဦးနှင့် တွေ့ဆုံစဉ် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ၂၀၁၀ ရွေးကောက်ပွဲ အခြေခံမှုအပါအဝင် မည်သည့်ကိစ္စများနှင့်မဆို ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံဆွေးနွေးရန် ၄င်းဘက်မှ အဆင်သင့်ရှိနေသည်ဟု ပြောကြားခဲ့ကြောင်း တသီးပုဂ္ဂလကိုယ်စားလှယ်တဦးဖြစ်သူ ဒေါက်တာစောနိုင်က ပြောသည်။ **(VOA 071210)** Read More...
- မြန်မာ့နိုင်ငံရေး ပြဿနာများကို အဖြေရှာရာတွင် အကြမ်းမဖက်သော နည်းလမ်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နောင်တက်လာမည့် နိုင်ငံ့ခေါင်းဆောင်များကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာသွားမည်ဟု ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာလ ၇ ရက်နေ့တွင် ပြောဆိုလိုက်သည်။ **(Irrawaddy 07122010)** Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာစစ်ခေါင်းဆောင်များနှင့် နှစ်ပေါင်းများစွာ တရင်းတနှီးဆက်ဆံခဲ့သည့် အိန္ဒိယအစိုးရ ခေါင်းဆောင်များကို မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုအပေါ် ပိုမိုအားပေးထောက်ခံရန် တိုက်တွန်းတောင်းဆိုလိုက်သည်။ **(Mizzima 07122010)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ဒေါ်အောင်ဆန်းစုကြည် နေအိမ်အထိန်းသိမ်းခံရစဉ် ကိုယ်တိုင်ရေးဆွဲခဲ့သော ငွေဦးရာသီ၊ နွေရာသီနှင့် ဆောင်းရာသီ ပန်းချီကား ၃ ချပ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က ပို့စ်ကဒ်ထုတ်ကာ ဒီဇင်ဘာလ ၇ ရက်နေ့က ရန်ကုန်တွင် စတင်ရောင်းချပြီး **HIV/AIDS** ဝေဒနာရှင်များ၊ ဂီရီလေဘေးသင့် ဒုက္ခသည်များ၊ နိုင်ငံရေးအကျဉ်းသား မိသားစုများကို ကူညီရေးအပြင် လူမှုရေးလုပ်ငန်းများမှာ အသုံးပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း **NLD** အမျိုးသမီးတာဝန်ခံ ဒေါ်မေဝင်းမြင့်က ပြောသည်။ **(Mizzima 07122010) Read More...**
- ချင်းပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က **NLD** သည် လာမည့်နှစ်သစ် ၂၀၁၁ ခုနှစ်တွင် လူငယ်အဖွဲ့ကို ဖွဲ့စည်းနိုင်မည်ဟု မျှော်လင့်ထားကြောင်း ချင်းပြည်နယ် **NLD** ပြည်နယ်ဥက္ကဋ္ဌ ဦးဇန်လျံက ပြောသည်။ **(Khonumthung 07122010) Read More...**
- စစ်အစိုးရပိုင် ကြေးမုံသတင်းစာတွင် ဖော်ပြထားသော ဒုတိယပင်လုံညီလာခံ လုပ်ချင်သူများသည် အပေါ်စား နိုင်ငံရေး စတန့်ထွင်ခြင်းဖြစ်သည်ဟု ရေးသားထားသည့်အပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** အတွင်းရေးမှူး ဦးအေးသာအောင်က ညီလာခံပြုလုပ်ခြင်းသည် တမျိုးသားလုံးအရေးနှင့်သက်ဆိုင်ကြောင်း တုန့်ပြန်ပြောဆိုလိုက်သည်။ **(BBC 081210) Read More...**
- စစ်အစိုးရပိုင် သတင်းစာတွင် "နိုင်ငံရေးအတွေး မမှားစေချင်ပါ" ဆိုသည့်ဆောင်းပါးဖြင့် ဒုတိယပင်လုံညီလာခံ ခေါ်ယူရေးတွင် တပ်မတော်ပါဝင်ခြင်းမရှိပါက ပင်လုံညီလာခံခေါ်ရန် ကြိုးစားမှုသည် အန္တရာယ်ကြီးကြောင်း ဝေဖန်တိုက်ခိုက် ရေးသားချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ငြင်းဆန်ကာ တပ်မတော် မပါဝင်ရန် ပြောဆိုခဲ့ခြင်းမရှိဟု ပြောဆိုလိုက်သည်။ **(RFA 081210) Read More...**
- ဒေါ်အောင်ဆန်းစုကြည်က "ဥရောပဖွံ့ဖြိုးတိုးတက်ရေးညီလာခံသို့ ပေးပို့သော ဗွီဒီယိုမိန့်ခွန်းတွင် မြန်မာ့ဒီမိုကရေစီ ထွန်းကားရေးအတွက် အထောက်အကူဖြစ်ရန် **Civil Society** ခေါ် အရပ်သားလူ့အဖွဲ့အစည်းများ အင်အားကောင်းလာရန် အကူအညီများလိုအပ်နေသည်" ဟု ပြောကြားလိုက်သည်။ **(VOA 081210) Read More...**
- ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၀ ရွေးကောက်ပွဲဝင် တသီးပုဂ္ဂလ အမတ်လောင်း ၃ ဦးကို ဒီဇင်ဘာလ ၇ ရက်နေ့က တွေ့ဆုံတိုက်တွန်းခဲ့သည်ဟု **NLD** ပြောခွင့်ရ ဦးအုန်းကြိုင်က ပြောသည်။ **(Mizzima 08122010) Read More...**
- ဒုတိယအကြိမ် ပင်လုံညီလာခံခေါ်ယူရေး ပြင်ဆင်နေမှုသည် လက်ရှိအာဏာပိုင်အဖွဲ့အစည်းများနှင့် ၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်လာမည့်လွှတ်တော်အသစ်တို့နှင့် စင်ပြိုင်အာဏာရယူရန် မဟုတ်ဘဲ ကွယ်ပျောက်လာသည့် ပင်လုံစိတ်ဓါတ်ကို ပြန်လည်စုစည်းထူထောင်ရန်အတွက်သာဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ **(VOA 091210) Read More...**
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ၆၂ ကြိမ်မြောက် အထိမ်းအမှတ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးတွင် "အမြင်ကွဲတာတွေပေါင်းဖက်၊ စစ်ပွဲတွေကိုအဆုံးသတ်၊ ငြိမ်းချမ်းရေးကိုဖော်ဆောင်" ဆိုသည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုဦးစီးကော်မတီဝင်များ၊ ဗဟိုဥပဒေ အထောက်အကူပြု အဖွဲ့ဝင်များနှင့် ဗဟိုလူမှုအဖွဲ့ဝင်များက နိုင်ငံရေးအကျဉ်းသားမိသားစုများနှင့် တွေ့ဆုံခဲ့သည်ဟု **NLD** ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်ကပြောသည်။ **(Mizzima 101210) Read More...**
- ဒေါ်အောင်ဆန်းစုကြည်က နေအိမ်အကျယ်ချုပ် ကျနေစဉ်အတွင်း ကိုယ်တိုင် ကွန်ပျူတာဖြင့် ရေးဆွဲထားသော ပန်းချီကား ၇ ကားကို ပို့စ်ကတ်အဖြစ် တခုလျှင် ကျပ် ၁ ထောင်ဖြင့် ဒီဇင်ဘာ ၁၀ ရက်နေ့တွင် စတင်ရောင်းချနေပြီး ရရှိလာသော ငွေများကို နိုင်ငံရေးအကျဉ်းသား မိသားစုများကူညီရေး၊ ဝေဒနာရှင်များအား စောင့်ရှောက်ရေးစသည့် လူမှုရေးကိစ္စရပ်များအတွက် အသုံးပြုမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်တဦးက ပြောသည်။ **(Irrawaddy 101210) Read More...**
- ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်နိုင်ငံ အရှေ့အာရှနှင့် ပစိဖိတ်ဒေသရေးရာ ဒုလက်ထောက် နိုင်ငံခြား ရေးဝန်ကြီး မစ္စတာ ဂျိုးဇက်ဝိုင်ယွန်းနှင့် တွေ့ဆုံဆွေးနွေးရာ၌ ဒုတိယပင်လုံညီလာခံခေါ်ယူရေးကိစ္စတွင် တပ်မတော်ပါဝင်မှ အောင်မြင်မည်ဖြစ်ပြီး ပါဝင်ဆွေးနွေးစေလိုကြောင်းလည်း ပြောကြားခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြန်ကြားရေး အဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(Irrawaddy 101210) Read More...**



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- နိုင်ငံရေးအရ အကျဉ်းကျနေသူများနှင့် မိသားစုဝင်များအနေဖြင့် ၄င်းတို့တွင် ဥပဒေအရ မည်သည့်အခွင့် အရေးများ ရှိသည်ကို မသိသည့်အတွက် လုပ်သမျှခံနေရပြီး ဥပဒေကို လေးစားလိုက်နာသူများအနေဖြင့် မိမိတို့၏ရပိုင်ခွင့်ရှိသည့် လူ့အခွင့်အရေးများကို ရဲရဲဝံ့ဝံ့ တောင်းဆိုကြရန် ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်လာလ ၁၀ ရက်နေ့ လူ့အခွင့်အရေးနေ့ အခမ်းအနားတွင် တိုက်တွန်းပြောကြားလိုက်သည်။ **(VOA 101210)** [Read More...]
- ဧရာဝတီတိုင်း ဘိုကလေးမြို့နှင့် ပဲခူးတိုင်း ပြည်မြို့တို့တွင် လူအခွင့်အရေးမြှင်တင်သူများကွန်ယက်အဖွဲ့က ဦးဆောင်ပြီး ဒီဇင်ဘာ ၁၀ ရက်နေ့ ၆၂ ကြိမ်မြောက် ကမ္ဘာ့လူ့အခွင့်အရေးနေ့၌ အခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့သည်။ **(RFA 101210)** [Read More...]
- ပဲခူးမြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဝင်များက ဦးဆောင်ပြီး နိုင်ငံတကာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အနေဖြင့် လူ့အခွင့်အရေးကြေညာစာတမ်း ၁၀၀၀ ကျော်ကို ဖြန့်ဝေသည့် လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်ဟု ပဲခူးအဖွဲ့ချုပ်ဝင် ဒေါ်ခင်ညွန့်မူကပြောသည်။ **(DVB 101210)** [Read More...]
- နိုင်ငံရေး အကျဉ်းသားမိသားစုဝင်များ ထောင်ဝင်စာတွေ့ရာတွင် အခက်အခဲများရှိပါက ဥပဒေအရကန့်ကွက် အရေးဆိုနိုင်ရန် ထောင်စည်းမျဉ်း စည်းကမ်းစာအုပ်ကို ဖြန့်ဝေပေးသွားမည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ **(Irrawaddy 111210)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** သည် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ပြီးချိန်မှစတင်ကာ တွေ့ဆုံဆွေးနွေးရေး လုပ်ရန် အကြိမ်ကြိမ်ပြောဆိုခဲ့သော်လည်း နအဖဘက်မှ ဆွေးနွေးလိုသည့် အရိပ်အယောင်မပြသေးဟု အဖွဲ့ချုပ် ပြောခွင့်ရသူ ဦးအုန်းကြိုင်ကပြောဆိုလိုက်သည်။ **(DVB 111210)** [Read More...]
- ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂရုံးချုပ်တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် လူ့အခွင့်အရေးရရှိရေးအတွက် ကြိုးပမ်းသူများကို အကာကွယ်ပေးရန် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှ ဒီဇင်ဘာလ ၁၀ ရက်နေ့က ပေးပို့သောဗီဒီယိုမိန့်ခွန်းတွင် ပြောကြားလိုက်သည်။ **(RFA 111210)** [Read More...]

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ပြည်နယ်၊ ဖာပွန်မြို့နှင့် ကမမောင်းရွာအကြားရှိ နအဖတပ်များ ရိက္ခာသယ်ယူနေသည့် သစ်သားတံတားငယ် ၇ စင်းကို နယ်မြေခံ ကရင်အမျိုးသားလွတ်မြောက်တပ်ဖွဲ့ **KNLA** တပ်များက နိုဝင်ဘာလဆန်းပိုင်းက မီးရှို့ဖျက်ဆီးလိုက်သည်ဟု ဖာပွန်ခရိုင် တပ်မဟာ (၅) **KNLA** ရုံးထိုင်မှူး ဗိုလ်မှူးစောကလယ်ဒိုက ပြောသည်။ **(KIC 07122010)** [Read More...]
- ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ မာနယ်ပလောနယ်မြေတဝိုက်တွင် **KNU** တပ်မဟာ (၇) တပ်ရင်း (၂၀၂) နှင့် **KNU** တပ်မဟာ (၅) **KNLA** အထူးပြောက်ကျားတပ်ဖွဲ့တို့ ပူးပေါင်းပြီး နအဖ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ရတခ လက်အောက်ခံ ခမရ (၃၃၈)၊ ခမရ (၉၁၅)နှင့် ခလရ (၂၈) တပ်ရင်းများကို နိုဝင်ဘာလ ၅ ရက်နေ့မှ ယနေ့အထိ ၄ ကြိမ် ပြောက်ကျားတိုက်ခိုက်ခဲ့ရာ နအဖဘက်က ၆ ဦး ကျဆုံးပြီး ၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု **KNLA** တပ်မဟာ(၇) ရုံးထိုင်မှူး ဗိုလ်မှူးစောအယ်ဆဲဆဲက ပြောသည်။ **(KIC 07122010)** [Read More...]
- ရှမ်းပြည်တပ်မတော် တောင်ပိုင်း **SSA-S** ဌာနချုပ်တည်ရှိရာ လွယ်တိုင်းလျှန်းတွင် ကျင်းပသည့် ရှမ်းနှစ်သစ်ကူး ပွဲတော်သို့ လက်နက်ကိုင်တပ်ဖွဲ့ ကိုယ်စားလှယ်နှင့် ကရင်နီတိုင်းရင်းသား တိုးတက်ရေးပါတီ **KNPP** ကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ပြီး စစ်ရေးကိစ္စများ၊ တိုင်းရင်းသား လက်နက်ကိုင် မဟာမိတ်အရေးများ၊ ရှေ့လုပ်ငန်းစဉ်များကို **SSA-S** ခေါင်းဆောင် ဒုဗိုလ်ချုပ်ကြီး ရွက်ဆစ်နှင့် ဆွေးနွေးခဲ့ကြကြောင်း ၎င်းတို့နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(Irrawaddy 081210)** [Read More...]
- ဒီဇင်ဘာ ၃ ရက်၌ သျှမ်းပြည်တပ်မတော် အမှတ် ၁ (ကျိုင်းတုံ) စစ်ဒေသ စစ်ကြောင်းတကြောင်းနှင့် ဒေသအတွင်း လှုပ်ရှားသည့် မြန်မာ့တပ်မတော်စစ်ကြောင်းတခု မိုင်းယောင်းမြို့အရှေ့မြောက်ဘက် ဝမ့်လေးရွာအနီးတွင် ရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့ရာ "ဗမာတပ်ဘက် နှစ်ယောက် သေတယ် နှစ်ယောက် ဒဏ်ရာရရှိခဲ့ကြောင်း သျှမ်းတပ်ဘက်တော့ မသိဘူး" ဟု အမည်မဖော်လိုသည့် မိုင်းယောင်းဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 111210)** [Read More...]



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## (ဂ) နယ်စပ်အခြေစိုက်အဖွဲ့အစည်းများ

- ဝေါ်လေရှိ နအဖ စစ်အစိုးရတပ်များ တပ်စွဲထားရာ နေရာ ၃ ခုကို တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **(DKBA)** နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး **(ABSDF)** တပ်များ ဒီဇင်ဘာ ၈ ရက်နေ့က တပြိုင်တည်းတိုက်ခိုက်ပြီး ဝင်ရောက်ရှင်းလင်းရာ နအဖဘက်မှ အရာရှိတဦးနှင့် တပ်ဖွဲ့ဝင် ၃ ဦး ကျဆုံး နေသည်ကို တွေ့ရကြောင်း **ABSDF** မှ စစ်ဦးစီးမှူး ဒသသ က ပြောသည်။ **(Irrawaddy 111210)** [Read More...]

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- ကချင်ပြည်နယ်အတွင်း စစ်အစိုးရ၏ လက်နက်ကြီးတပ်များနှင့် ခြေလျင်တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်နေမှုများသည် ကချင်လွတ်မြောက်ရေးတပ်မတော် **KIA** အား အမှန်တကယ် ဖိအားပေးခြိမ်းခြောက်မှုအဖြစ် ရှင်းလင်းစွာမရှိသေး သော်လည်း ယခုလိုဖိအားပေးဆောင်ရွက်မှုများကြောင့် အချိန်မရွေးပြည်တွင်းစစ် ဖြစ်သွားနိုင်သည်အထိ အန္တရာယ်ရှိ သည်ဟု **KIA** ဒု–စစ်ဦးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်က ပြောသည်။ **(BBC 051210)** [Read More...]
- နအဖ စစ်အစိုးရတပ် ခမရ (၄၀၁) တပ်ရင်း အခြေချသော ဝေါ်လေစခန်းကို **DKBA** တပ်ရင်း (၉၀၉) ဒုတပ်ရင်းမှူး ဗိုလ်မှူး စောချမုစေး၊ တပ်ခွဲမှူး စောသန်းထွန်း ဦးဆောင်သောအဖွဲ့က ဒီဇင်ဘာလ (၆) ရက်နေ့ နေ့လည် ၂ နာရီအချိန်တွင် မိနစ် (၂၀) ဝန်းကျင် ဝင်ရောက်ပစ်ခတ်ခဲ့သည်ဟု ဒုတပ်ရင်းမှူး ဗိုလ်မှူးချမုစေးက ပြောသည်။ **(Kaowao 061210)** [Read More...]
- ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့အနီးရှိ ကချင်ပြည် လွတ်လပ်ရေးတပ်မတော် **KIA** တပ်ရင်း ၁၆ လက်အောက်ခံ တပ်စခန်း တစ်ခုကို ဒီဇင်ဘာလ ၄ ရက်နေ့ မွန်းလွဲ ၃ နာရီခန့်က မြန်မာစစ်တပ် ခလရ (၂၃၆) တပ်ဖွဲ့က စတင်ပစ်ခတ်ရာ နှစ်ဘက် အပြန်အလှန်ပစ်ခတ်ခဲ့သည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 061210)** [Read More...]
- မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး တိုင်းရင်းသားလက်နက်ကိုင် ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** နှင့် မြန်မာစစ် အစိုးရအကြား ၁၆ နှစ်ကျော် အပစ်အခတ် ရပ်စဲရေး သဘောတူညီခဲ့ပြီးနောက် ယခုအခါ ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** သည် စစ်သည်လက်နက်ကိုင် အင်အား ၁၀,၀၀၀ ခန့်ရှိပြီး စစ်ရေးပြင်ဆင်မှုများလည်းရှိသည်။ **(Mizzima 081210)** [Read More...]
- အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်ပေါင်းစု–သျှမ်းပြည်အရှေ့ပိုင်း **NDAA-ESS** မိုင်းလားအထူးဒေသ (၄) အား ပြန်လည်သင့်မြတ်ကာ ရင်းနှီးစွာနေသွားရန် နအဖဖက်မှ တောင်းဆိုကြောင်း ကျိုင်းတုံဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 081210)** [Read More...]
- ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ တပ်ခေါင်ကျိုးတောင်တန်းကိုရောက်နေသည့် နအဖစစ်အစိုးရ ခလရ (၆၁)၊ ခမရ (၂၃၀) ခမရ (၅၄၇)မှ ရှေ့ပြေးတပ်တစ်ချို့ကို **DKBA** ဗျူဟာ (၁) မှူး ဗိုလ်မှူးကြီး စောကျော်သက်အဖွဲ့က ဝင်ရောက်ပစ်ခတ်ပြီး စစ်အစိုးရဘက်မှ (၁၀) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဗိုလ်မှူးကြီးစောကျော်သက်က ပြောသည်။ **(Kaowao 081210)** [Read More...]
- ကရင်ပြည်နယ် မြဝတီခရိုင်၊ ဝေါ်လေဒေသတွင် ဒီဇင်လာလ ၈ ရက်နေ့ညက နအဖနှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်က ၇ ဦး ကျဆုံးခဲ့သည်ဟု **DKBA** (၉၀၉)တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးစောစတီးက ပြောသည်။ **(KIC 091210)** [Read More...]
- စစ်အစိုးရသတင်းစာများတွင် ဖော်ပြထားသော မွန်ပြည်သစ်ပါတီက လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်လာ သည်ဟုဆိုသည့်သတင်းသည် မှန်ကန်မှုမရှိဟု ငြင်းဆိုလိုက်ပြီး လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်လိုက်ရုံနှင့်လည်း စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိမည်မဟုတ်ဟု မွန်ပြည်သစ်ပါတီမှ ပြောခွင့်ရသူ နိုင်ဟံသာဗွန်ခိုင်က ဒီဇင်ဘာ ၉ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် တုံ့ပြန်ပြောဆိုလိုက်သည်။ **(VOA 091210)** [Read More...]
- ရှမ်းပြည်နယ် မိုင်းလားမြို့တွင် ရှမ်းနှစ်သစ်ကူးပွဲတော်ကျင်းပခဲ့သော ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အတွင်း အခွင့်ကောင်း ရယူကာ ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် **UWSA** မှ ကျောက်ကျိုးတန်းဦးဆောင်သော ဝ တပ်ဖွဲ့ကိုယ်စား



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

လှယ်၊ သျှမ်းပြည်တပ်မတော် **SSA-N** တပ်မဟာ ၁ အုပ်ချုပ်ရေးမှူး ဒုဗိုလ်မှူးကြီး ဆိုင်ဖှနှင့် မိုင်းလားတပ်ဖွဲ့ **NDAA-ESS** မှ ဒု– ဥက္ကဌ ခွန်ဆန်လူ၊ စဝ်ဆန်းပေနှင့် အတွင်းရေးမှူး စဝ်ဆိုင်လား၊ ခွန်စိုင်းတစ်တို့သည် တွေ့ဆုံ၍ အပစ်ရပ်ကာလ နှစ် ၂၀ ခရီး ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်ဟု ဆွေးနွေးပွဲတက်ရောက်သူမဟာမိတ်အဖွဲ့ဝင်တဦးက ပြောသည်။ **(S.H.A.N 101210)** [Read More...]

- စစ်အစိုးရနှင့် လက်ရှိတိုက်ခိုက်နေသော တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** မှ ဗိုလ်မှူး လှဒါး၊ ဗိုလ်မှူးနော်တရာနှင့် ဗိုလ်ချင်းလုံတို့အပါအဝင် အဖွဲ့ဝင် ၃၀ ခန့်သည် မြေအောက်လှုပ်ရှားမှုများ ပြုလုပ်မည်ဆိုကာ မြဝတီမြို့ကို ကူးသွားပြီးနောက် လက်နက်မဲ့အလင်းဝင်သွားခြင်းကို **DKBA** တပ်ရင်းအမှတ် (၉၀၉) ဒု–တပ်ရင်းမှူး ချမူကျေးက ရှုတ်ချလိုက်သည်။ **(BBC 111210)** [Read More...]
- ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် မုလအိတောင်နှင့်ကပ်လျှက် ချူကလီးဒေသသို့ တက်လာသည့် နအဖ စကခ (၁၉) လက်အောက်ခံ ခလရ (၂၉၉) နှင့် ခမရ (၅၆၈) တပ်ရင်း စစ်ကြောင်းအား တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တပ်ရင်း (၉၀၉)၊ တပ်ခွဲ (၄) မှ ဆွဲမိုင်းများဖြင့် ခြုံခိုတိုက်ခိုက်ခဲ့ရာ နအဖဘက်က ၃ ဦး ထိခိုက် ဒဏ်ရာရခဲ့သည်ဟု **DKBA** ကလို့ထူးဘောဇျူဟာ လက်နက်ကြီးတပ်ဖွဲ့မှ ဒုဗိုလ် စောစမင်းက ပြောသည်။ **(KIC 111210)** [Read More...]
- ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ **KIO** က ၁၉၉၄ ခုနှစ် နအဖနှင့်အပစ်ရပ် လက်မှတ်ထိုးပြီးချိန်မှစ၍ ဖားကန့်ဒေသ အတွင်းရှိ ကျောက်စိမ်းတွင်းများတွင် အခွန်ကောက်ခြင်း ရပ်နားထားရာမှ ယခုအပတ်မှစတင်ကာ ၄င်းဒေသရှိ ကျောက်စိမ်းတူးဖေါ်သည့် ကုမ္ပဏီများအပေါ် အခွန်ပြန်လည်ပေးဆောင်ရန် အမိန့်စာထုတ်ပြန်ခဲ့ကြောင်း **KIO** သတင်း ရပ်ကွက်က ဆိုသည်။ **(S.H.A.N 111210)** [Read More...]

## နယ်ခြားစောင့်တပ် (သို့) ပြည်သူ့စစ်အဖြစ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ကရင်ပြည်နယ် မြဝတီခရိုင်၊ ဖလူးကျေးနယ်တွင် အခြေစိုက် ဗိုလ်မှူးစောမှတ်သုန် ဦးစီးသည့် ကရင်နယ်ခြားစောင့်တပ် **BGF** တပ်ရင်း (၁၀၂၂) မှ တပ်ခွဲမှူးတစ်ဦး အပါအဝင် ၁၇ ဦးတို့သည် ဒီဇင်ဘာလ ၃ ရက်နေ့က ကရင်အမျိုးသား အစည်းအရုံး **KNU** ထံ ထွက်ပြေးရောက်ရှိလာသည်ဟု တပ်ခွဲမှူးဗိုလ်ကြီးစောသိန်းမြိုင်က ပြောသည်။ **(KIC 061210)** [Read More...]
- အရှေ့ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် ဆန်းဦးက နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သျှမ်းပြည်တပ်မတော် တပ်မဟာ ၇ အား ပြည်သူ့စစ်လုပ်မည်ဆိုပါက ပီပြင်စွာလုပ်ဆောင်ပါ၊ မလုပ်ဆောင်လိုပါက တောပြန်နိုင်ပြီး ပြန်တိုက်ခိုက်ရန် ရာဇသံ ပေးလိုက်သည်ဟု ပြည်သူ့စစ်အသိုင်းအဝိုင်းက ပြောသည်။ **(S.H.A.N 061210)** [Read More...], [BBC...]

## နိုင်ငံရေးပါတီများ

### ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ

- ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** သည် ရခိုင်ပြည်နယ်မှ မောင်တော၊ အမ်း၊ တောင်ကုတ်နှင့် ၇ မြို့ နယ်လေးမြို့နယ်တွင် ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်နေသည်ဟု **RNDP** ဥက္ကဌ ဒေါက်တာအေးမောင်က ပြောသည်။ **(Narinjara 071210)** [Read More...]
- ရွေးကောက်ပွဲရလဒ်အား ကော်မရှင်မှ ကြေညာပြီးနောက် ရခိုင်းတိုင်းရင်းသားများ တိုးတက်ရေးပါတီက ပါလီမန်အတွက် ပြင်ဆင်နေကာ လာမည့်အစိုးရကို အချိန်ပေးယုံကြည်မှုရရှိရန်အပါအဝင် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်ထောင်စု တည်ဆောက်နိုင်ရေးနှင့် အစိုးရနှင့် ပါလီမန် ဆက်ခံနိုင်မှုရှိမရှိ စောင့်ကြည့်နေသည်ဟု ပါတီဥက္ကဌ ဒေါက်တာအေးမောင် က ပြောသည်။ **(DVB 081210)** [Read More...]
- ၂၀၁၀ ရွေးကောက်ပွဲလွှန် ပါလီမန်မပေါ်ခင် ဒုတိယပင်လုံညီလာခံခေါ်ယူနိုင်ရေးသည် နောက်ကျနေပြီး လက်ဝယ် အာဏာရှိသူများ၏ အပေါ်တွင်မူတည်နေသည်ဟု ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ဥက္ကဌ ဒေါက်တာအေးမောင် က ပြောသည်။ **(VOA 081210)** [Read More...]



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီက ဒေါ်အောင်ဆန်းစုကြည်အား ဒီဇင်ဘာ ၈ ရက်နေ့တွင် လာရောက်တွေ့ဆုံပြီး အနာဂါတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများအကြောင်း ဆွေးနွေးခဲ့သည်ဟု ပါဝင်တက်ရောက်ခဲ့သူ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(RFA 081210)** [**Read More...**]
- ၂၁ ရာစု ပင်လုံညီလာခံခေါ်ယူရေးကို ၂၀၁၀ အရွေးချယ်ခံ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက **AMRDP** ကြိုဆို ထောက်ခံလိုက်သည်ဟု **AMRDP** ဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ **(Mizzima 08122010)** [**Read More...**]
- ဒီမိုကရက်တစ်ပါတီ (မြန်မာ) သည် ပါတီဆက်လက်ရပ်တည်ရေး၊ အင်အားကြီးထွားလာရေးအတွက် စီးပွားရေးလုပ်ငန်း တခုအဖြစ် အရင်းအနှီးပေါ်မူတည်ပြီး ဖော်ဆောင်သွားမည်ဟု ပါတီပြန်ကြားရေးမှူး ဦးလှမြင့်က ပြောသည်။ **(Popular News 091210)** [**Read More...**]
- အမျိုးသားဒီမိုကရေစီ အင်အားစု **(NDF)** သည် ပါတီ၏ နိုင်ငံရေးဦးဆောင်အဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင် **CEC** အဖွဲ့အား ဖျက်သိမ်းကာ ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း **NDF** တာမွေမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။ **(Popula News 091210)** [**Read More...**]
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **AMRDP** က လွှတ်တော်ထဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ လွဲ၍ ကျန်မည်သည့်ပါတီနှင့်မဆို လူမျိုးမခွဲခြားဘဲ ပူးပေါင်းဆောင်ရွက်သွားမည်ဟု **AMRDP** ဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ **(Mizzima 091210)** [**Read More...**]
- ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **(SNDP)** မျက်နှာစုံညီအစည်းအဝေးကြီးကို နေပြည်တော် ရွေးကောက်ပွဲ ကော်မရှင်၏ ညွှန်ကြားချက်ကြောင့် ကျားဖြူပါတီ၏ အများနှင့်သက်ဆိုင်သည့်နေရာတွင် လုပ်ရမည်ဆိုသည့် အချက် ကြောင့် မန္တလေးတိုင်း ပြင်ဦးလွင် (မေမြို့) သို့ ပြောင်းရွှေ့ ပြုလုပ်မည်ဖြစ်ကြောင်း **SNDP** ပါတီခေါင်းဆောင်တစ်ဦးက ပြောသည်။ **(S.H.A.N 091210)** [**Read More...**]

## ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များ

- တောင်ဥက္ကလာပမြို့နယ်တွင် အနိုင်ရရှိကြောင်း လက်မှတ်ရေးထိုးထားသော တသီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ် လောင်း ဒေါက်တာစောနိုင်ကို ရန်ကုန်တိုင်း ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုက ခေါ်ယူကာ ရှုံးနိမ့်ခဲ့ကြောင်း ကို ဒီဇင်ဘာ ၈ ရက်နေ့တွင် ပြန်လည်လက်မှတ်ရေးထိုးရန် ပြောဆိုခဲ့သည်ဟု ဒေါက်တာစောနိုင်နှင့် နီးစပ်သူဒေသခံတဦးက ပြောသည်။ **(Irrawaddy 091210)** [**Read More...**]

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- ကရင်နီပြည် လွိုင်ကော်မြို့နယ်ရှိ လွိုင်ကော် တက္ကသိုလ်ကျောင်းတွင် ဒေါ်အောင်ဆန်းစုကြည်အကြောင်းနှင့် ပတ်သက်၍ ကျောင်းသူ၊ သားများ စိတ်ဝင်တစား ဆွေးနွေးကြသဖြင့် စစ်အစိုးရမှ ထောက်လှမ်းရေး ၂ ဦးကို လွှတ်ထားသောကြောင့် ကျောင်းသားများ စိတ်အနှောင့်အယှက်ဖြစ်နေသည်ဟု ကျောင်းသားများနှင့် နီးစပ်သူ လွိုင်ကော်ဒေသခံတစ်ဦးက ပြောသည်။ **(Kantarawaddy Times 081210)** [**Read More...**]
- ရွေးကောက်ပွဲအပြီး ပါတီများအနေဖြင့် စည်းရုံးရေးဆင်းခြင်းမရှိသော်လည်း လူထုသည် နိုင်ငံရေးအသိစိတ် ပိုမိုနိုး ကြားလာပြီး ၄င်းတို့၏ သဘောဆန္ဒအလျောက် ပါတီရုံးခန်းများတွင် လာရောက်စာရင်းပေးသွင်းသူများ များပြားလာ သည်ဟု မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေက ပြောသည်။ **(Myanmar Times No.25, Vol.495 091210)** [**Read More...**]



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## မီဒီယာအခန်းကဏ္ဍ

- ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီးနောက်ပိုင်း စစ်အစိုးရထိန်းချုပ်ထားသော နေပြည်တော် မြန်မာ့အသံတွင် အမေမေတ္တာ ကျောရိုးပြု ဇာတ်လမ်းများ ရေးသားထုတ်လွှင့်ခွင့်များကို မြန်မာ့အသံ တာဝန်ရှိသူများက ကန့်သတ်ပိတ်ပင်လိုက်သည်ဟု မြန်မာအသံနှင့်နီးစပ်သောအသိုင်းအဝိုင်းမှဆိုသည်။ **(Irrawaddy 111210)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စစ်အစိုးရ၏ ရွေးကောက်ပွဲသည် နိုင်ငံတကာ မျှော်လင့်ချက်များနှင့် လွန်စွာ အလှမ်းဝေးနေပြီး နိုင်ငံအသွင်ကူးပြောင်းအရေးအတွက် တာဝန်ကျေရန်လိုသည်ဟု မြန်မာ့မိတ်ဆွေများအဖွဲ့အစည်းအဝေးတွင် ရှင်းလင်းပြောဆိုလိုက်သည်။ **(VOA 061210)** **Read More...**
- မြန်မာနိုင်ငံက လူ့အခွင့်အရေး အခြေအနေများ တိုးတက်ကောင်းမွန်လာရန်အတွက် လိုအပ်ချက်အားလုံး ဆောင်ရွက်ရန်လိုသည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် **Tomas Ojea Quintana** က ဒီဇင်ဘာလ ၁၀ ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။ **(RFA 101210)** **Read More...**

### (ခ) အစိုးရများ

- အိန္ဒိယအစိုးရမှ စစ်အစိုးရ၏ ရှေ့တန်းစစ်မျက်နှာများတွင် အသုံးပြုနိုင်သော လမ်းဖောက်သည့်မြေထိုးစက်နှင့် ကရိန်းကားများ ပေးအပ်ပွဲကို အိန္ဒိယ–မြန်မာနယ်စပ် မိုးရေးမြို့တွင် လုံခြုံရေးတင်းကြပ်စွာဖြင့် ကျင်းပခဲ့ပြီး အနောက်မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ် စိုးလွင်က လက်ခံရယူခဲ့သည်။ **(BBC 051210) Read More...**
- မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး **Maria Helen Barber** က ဒေါ်အောင်ဆန်းစုကြည်အား ၄င်း၏ နေအိမ်တွင် ဒီဇင်ဘာလ ၆ ရက်တွင် နေ့လည်စာဖြင့် တည်ခင်းပြီး မြန်မာ့ဒီမိုကရေစီရရှိရေးနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့သည်ဟု ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 061210)** **Read More...**
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး **Michael Sternberg** က ဒီဇင်ဘာ ၇ ရက်နေ့တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်၌ လာရောက်တွေ့ဆုံခဲ့သည်ဟု **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 071210)** **Read More...**
- အမေရိကန် ကွန်ဂရက်စ်လွှတ်တော်မှ အရပ်သားများအတွက် အမြင့်ဆုံး ချီးမြှင့်သည့် ကွန်ဂရက်စ်လွှတ်တော် ရွှေတံဆိပ်ဆုကို ကိုယ်တိုင်ပေးအပ်ချင်သည်ဆိုသည့် ပြောကြားချက်နှင့်အတူ မြန်မာ့ဒီမိုကရေစီရေးကို ဆက်လက်ထောက်ခံသွားမည့်အကြောင်းကို ကွန်ဂရက်စ် လွှတ်တော်အမတ် ဂျိုးဇက် ခရော်လီ **(Joseph Crowley)** က ဒေါ်အောင်ဆန်းစုကြည်ကို တယ်လီဖုန်းနှင့် ဆက်သွယ်ပြောကြားလိုက်သည်။ **(VOA 071210)** **Read More...**
- အရှေ့အာရှနှင့် ပစိဖိတ်ဒေသ အမေရိကန် ဒုတိယ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ဝိုင်ယွန်း နိုဝင်ဘာလ ရွေးကောက်ပွဲတွင် အရွေးခံရသော ၈ ပါတီနှင့် ရန်ကုန်မြို့တွင် ဒီဇင်ဘာလ ၇ ရက်နေ့က တနာရီကျော်ကြာ တွေ့ဆုံမေးမြန်းသည်ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာ) အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်ချိုချိုကျော်ငြိမ်းက ပြောသည်။ **(Mizzima 07122010)** **Read More...**
- မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး **V. S. Seshadri** က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်တိုင်းဒဂုံမြို့နယ် သံတမန်လမ်းရှိ ၄င်း၏နေအိမ်တွင် ဖိတ်ကြားပြီး တွေ့ဆုံဆွေးနွေးခဲ့သည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(RFA 081210)** **Read More...**



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- အမေရိကန် ဒီမိုကရက်အောက်လွှတ်တော်အမတ် **Joseph Crowley** က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးကိုနိုင်ငံတကာမှ ဝိုင်းဝန်းစောင့်ကြည့်ကြရန် တိုက်တွန်းဆောင်းဆိုလိုက်ပြီး စစ်အစိုးရအနေဖြင့် အကျယ်ချုပ်မှ လွှတ်ပေးလိုက်သော်လည်း လုပ်ဆောင်သင့်သည့်အချက်များကို ဆောင်ရွက်ရန်ကျန်ရှိနေသေးသည်ဟု ပြောဆိုလိုက်သည်။ **(RFA 081210)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်မှုအထိမ်းအမှတ် အခမ်းအနားတရပ် ဒီဇင်ဘာလ ၇ ရက်နေ့က မြို့တော် နယူးဒေလီ၌ ကျင်းပစဉ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နောက်တွင် အိန္ဒိယပြည် သူများ အမြဲတမ်းရှိနေသည်ဟု အိန္ဒိယလွှတ်တော်အမတ်များက ပြောဆိုလိုက်သည်။ **(Mizzima 081210)** **Read More...**
- ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ် ပီရွမ်း **(Kasit Piromya)**သည် စစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းကို ဒီဇင်ဘာ ၆ ရက်နေ့၌ ထိုင်း–မြန်မာနယ်စပ် တာချီလိတ်မြို့တွင် သွားရောက်တွေ့ဆုံပြီး ရွေးကောက်ပွဲရလဒ်အပေါ် အမြင်နှင့် ရွေးကောက်ပွဲလွန် မြန်မာ့ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးခဲ့သည်ဟု ထိုင်းနိုင်ငံပြောခွင့်ရပုဂ္ဂိုလ် ပါနိတန် ဝပ်တာနာယာဂွန်း **(Panitan Wattanayagorn)** က အတည်ပြုပြောကြားလိုက်သည်။ **(VOA 091210)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည်အား ၎င်း၏နေအိမ်၌ ပြည်တွင်းအန်ဂျီအိုအဖွဲ့ ၅ ဖွဲ့မှ ခေါင်းဆောင်များနှင့် ဗြိတိန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ သံအမတ်ကြီးများက ဒီဇင်ဘာ ၉ ရက်နေ့တွင် လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(DVB 091210)** **Read More...**
- အမေရိကန်နိုင်ငံ အရှေ့အာရှနှင့် ပစိဖိတ်ဒေသရေးရာ ဒုလက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျိုးဇက် ဝိုင် ယွန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူသည့်ကိစ္စကို ထည့်သွင်း ဆွေးနွေးခဲ့ကြပြီး အဆိုပါဆွေးနွေးပွဲသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီအတွက် အရေးပါသည့် ဆွေးနွေးပွဲတခု ဖြစ်သည်ဟု **NLD** ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်ကပြောသည်။ **(RFA 101210)** **Read More...**
- အမေရိကန်နိုင်ငံ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်လ် ပေါ်စ်နာ **(Michael Posner)** က မြန်မာဒုက္ခသည်များအရေးကို စူးစမ်းရန်အတွက် လာမည့်သီတင်းပတ်တွင် ထိုင်း–မြန်မာနယ်စပ်ကို သွားရောက်မည်ဖြစ်ပြီး မြန်မာ့အရေးကို အထူးအာရုံစူးစိုက်နေသည်ဟု ပြောကြားလိုက်သည်။ **(VOA 101210)** **Read More...**
- အမေရိကန်နိုင်ငံ အရှေ့အာရှနှင့် ပစိဖိတ်ဒေသရေးရာ ဒုလက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျိုးဇက် ဝိုင် ယွန်း **Joseph Y Yun** သည် ဒီဇင်ဘာ ၉ ရက်နေ့၌ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း၊ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီတို့နှင့် နေပြည်တော် တွင် တွေ့ဆုံခဲ့ပြီး ၂ နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူကိစ္စရပ်များ ဆွေးနွေးခဲ့သည်ဟု စစ်အစိုးရသတင်း မီဒီယာများတွင် ဖော်ပြထားသည်။ **(RFA 101210)** **Read More...**
- ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဆေအိဂျိ မအဲဟာရက စစ်အာဏာသိမ်း အုပ်ချုပ်နေသော ဖီဂျီနိုင်ငံနှင့်အတူ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ကြရန် ဒီဇင်ဘာ ၉ ရက်နေ့ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည့် အာရှဒီမိုကရေစီညီလာခံတွင် တိုက်တွန်းပြောကြားလိုက်သည်။ **(RFA 101210)** **Read More...**
- တရုတ်နိုင်ငံခြားရေးဌာန ပညာရှင်များက “နိုင်ငံသားများဘဝတိုးတက်စေရန် မြန်မာအစိုးရသည် လူမျိုးစုများ အပါအဝင် ဒီမိုကရေစီလိုလားသော အင်အားစုများနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို တွေ့ဆုံဆွေးနွေးမှုမှတဆင့် အမျိုးသားရင်ကြား စေ့ရေးရအောင် ကြိုးစားသည်ကို တရုတ်အစိုးရက မြင်လိုကြောင်း” အမေရိကန် အထက်လွှတ်တော်နှင့်ဟားဘတ် ပညာရှင်များအဖွဲ့ကို ၂၀၀၈ ဇန်နဝါရီ ၁၀ ရက်က ထုတ်ပြောခဲ့ကြောင်း ဝီကီလိခ် အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ **(RFA 111210)** **Read More...**, **Mizzima...**



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- ထိုင်း–မြန်မာနယ်စပ်အနီး ကရင်ပြည်နယ်တွင် စစ်အစိုးရတပ်နှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **DKBA** တို့၏ ဖြစ်ပွားသော ပဋိပက္ခများအကြား အရပ်သားများသည် ကြီးမားစွာ ထိခိုက်ဆုံးရှုံးမှုများ ရှိခဲ့ပြီး ၄င်းတို့ကို ကာကွယ်ရန် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ကြီး **HRW** က တောင်းဆိုလိုက်သည်။ **(VOA 051210)** **Read More...**
- အိန္ဒိယနိုင်ငံရှိ လူမှုအဖွဲ့အစည်းတခုဖြစ်သည့် ဘာသာပေါင်းစုံ လူမျိုးပေါင်းစုံစည်းရုံးမှု **Manav Ekta Parishat** အဖွဲ့မှ မြန်မာ့ဒီမိုကရေစီခေါင်ဆောင် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာ့ဒီမိုကရေစီနှင့် လူ့အခွင့်အရေးသူရဲကောင်းဆု **Myanmar Democracy and Human Rights** ကို ဒီဇင်ဘာ ၅ ရက်နေ့တွင် ချီးမြှင့်ပေးအပ်လိုက်သည်။ **(RFA 051210)** **Read More...**
- ကမ္ဘာကျော် ဟောင်ကောင် ရုပ်ရှင်မင်းသမီး မီရှဲလ်ယိုး သည် ဒီဇင်ဘာလ ၆ ရက်နေ့က ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သည်ဟု **NLD** ပြောရေးဆိုခွင့်ရှိသူ ဦးညာဏ်ဝင်း ကပြောသည်။ **(Irrawaddy 07122010)** **Read More...**

---

***End of report/ Saturday, December 11, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!